မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June 7, 2024 | Volume 79, Number 5

၇.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၇၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၈.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၆.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၆၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

# ယခုဘဏ္ဍာနှစ် နှစ်လတာကာလအတွင်း ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၂ သန်း ရရှိထား



ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၃၁ ရက်အထိ နှစ်လတာကာလအတွင်း ပုဂ္ဂလိကပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၂ သန်း ရရှိထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ ပြောဆိုချက်အရ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ မေလ ၃၁ ရက်အထိ ပြည်ပသို့ ပုဂ္ဂလိကကဏ္ဍမှ ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ မက်ထရစ်တန် ၄၆၁ ဒသမ ၂၁ တင်ပို့ပြီး နယ်စပ်ကုန်သွယ်ရေးမှ မက်ထရစ်တန် ၂၇ တန်တင်ပို့ခဲ့ရာ စုစုပေါင်းမက်ထရစ်တန် ၄၈၈ ဒသမ ၂၁ တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၂ သန်းရရှိကြောင်း သိရသည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၂၇၉ ဒသမ ၂၁ ဖြင့် အများဆုံးတင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၁၈,၈၁၅ ရရှိခဲ့ကာ တောင်ကိုရီးယားနိုင်ငံသို့ ပျားရည်မက်ထရစ်တန် သုည ဒသမ ၅ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၅၀ ရရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၁၈၁ ဒသမ ၅ တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၇၂,၂၅၀ ရရှိခဲ့ကာ တရုတ်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၂၇ တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၀,၅၀၀ ရရှိခဲ့သည့်အတွက် ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၄၈၈ ဒသမ ၂၁ တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၂ သန်း ရရှိခဲ့ကြောင်း သိရသည်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်ကြောင်း၊ ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုမှုများသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက် ရှိကြောင်းသိရသည်။

**Source:** http://myawady.net.mm/node/56899

## ပို့ကုန်ပဲများ အပါအဝင် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အမြင့်ဈေးဖြင့် တည်ငြိမ်နေ



ပြည်တွင်းပဲကုန်သည်များ၏ စောင့်ကြည့်ဝယ်ယူနေတာကြောင့် ပို့ကုန်ပဲများအပါအဝင် ပဲ၊ နှမ်း ဈေးကွက်တစ်ခုလုံး အမြင့်ဈေးအတိုင်း တည်ငြိမ်နေကြောင်း ပဲကုန်သည်များထံက သိရသည်။

ဇွန် ပထမသီတင်းပတ်တွင် ပြည်တွင်း ရွှေဈေး၊ ငွေလဲလှယ်နှုန်းများကို စောင့်ကြည့်နေသည့်အခြေအနေကြောင့် ပြည်တွင်း ပဲ၊ နှမ်းဈေးမှာ အပြောင်းအလဲမရှိ အမြင့်ဈေးတန်းဖြင့် တည်ငြိမ်နေခြင်းဖြစ်သည်။

ပြည်တွင်း ပဲ၊ နှမ်းဈေးကွက်မှာ ပို့ကုန်ပဲများ အမြင့်ဈေးအတိုင်းရှိနေသလို ပြည်တွင်းသုံး ကုလားပဲအုပ်စု၊ ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ထူးထူးခြားခြား ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေသော်လည်း အရောင်းသမား၊ အဝယ်သမား နှစ်ဖက်စောင့်ကြည့်နေတာကြောင့် အရောင်းအဝယ် ခပ်အေးအေးဖြစ်ကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် နှမ်းမျိုးစုံနှင့်မြေပဲဆန်မှာ ဈေးကျဆင်းနိုင်ခြင်းမရှိဘဲ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်း ပွဲရုံ)က ပြောသည်။

“ပြည်တွင်းပဲဈေးကွက်မှာ ဝယ်လိုအား ရောင်းလိုအားကို စောင့်ကြည့်နေတဲ့အခြေအနေဆိုတော့ ပဲ၊ နှမ်းဈေးကွက်မှာ ဈေးတည်ငြိမ်နေတယ်။ အရောင်းအဝယ်ကတော့ ခပ်အေးအေးဖြစ်နေပါတယ်။ ပဲမျိုးစုံဈေးကွက်မှာ ထူးထူးခြားခြား ဈေးနှုန်း အပြောင်းအလဲမရှိ ဈေးတည်ငြိမ်နေပါတယ်။ ပြည်တွင်းသုံး ကုလားပဲဈေးတွေလည်း ဈေးငြိမ်နေပေမဲ့ နှမ်းမျိုးစုံပေါက်ဈေးတွေ ဈေးကောင်းနေပါတယ်။ မြေပဲအနီလုံးဆန် ထိပ်စတစ်ပိဿာ ငွေကျပ် ၇၈၀၀-၈၀၀၀ တန်တွေကတော့ တရုတ်လိုင်းအဝယ်ကောင်းနေပါတယ်။ နောက် တရုတ်လိုင်း ဝယ်တာကျန်တဲ့ မြေပဲဆန်တွေကိုတော့ ပြည်တွင်းစက်ပိုင်တွေ အဝယ်ရှိနေပါတယ်။ မြေပဲဆန်ဈေးကတော့ ဈေးကျဆင်းစရာမရှိပါဘူး” ဟု ၎င်းကပြောသည်။

ဇွန် ၅ ရက်တွင် ပို့ကုန်ပဲများ ဈေးတည်ငြိမ်နေရာ ပို့ကုန်မတ်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၂၅,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၂၅,၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ငွေကျပ် ၂၁၄,၀၀၀၊ အညာ တစ်အိတ်လျှင် ငွေကျပ် ၁၉၃,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဆက်လက်ဈေးပြန်မြင့်တက်လာရာ ဇွန် ၅ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၅၀,၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၂၈,၀၀၀၊ 929 ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၄၀,၀၀၀ အသီးသီး ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ တရုတ်လိုင်းအဝယ်ကောင်းသည့် ပဲအချို့ ဈေးမြင့်တက်လာသော်လည်း ကျန်ပဲများ အရောင်းအဝယ်ပုံမှန်သာရှိနေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၁၅,၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၄၀,၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၄၀၀ ပေါက်ဈေးရှိနေသည်။

ဇွန် ၅ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ် ဆက်လက်မြင့်တက်လာရာ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၃၅,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၄၅,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၇၅,၀၀၀ အသီးသီး ပေါက်ဈေး ရှိနေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## မတ်ပဲဈေးကွက်အလားအလာ

ဧရာဝတီတိုင်းဒေသကြီး၏ မတ်ပဲဈေးနှုန်းများမှာ မေလ ဒုတိယပတ်တွင် ၁ တင်းဈေးနှုန်း ကျပ် ၁ သိန်းအထက်ရှိခဲ့ပြီး ယခု ဇွန်လပထမပတ်တွင် ကျပ် ၁ သိန်း ၁ သောင်း နီးပါးထိရောက်ရှိကာ ဈေးနှုန်းအတက်အကျ ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရသည်။

တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ မေလ ၃၁ ရက်နေ့တွင် ၁ တင်းဈေးနှုန်း ကျပ် ၁၀၉,၅၀၀ ၊ ဇွန်လ ၁ ရက်နေ့တွင် ကျပ် ၁၀၉,၀၀၀၊ ၃ ရက်နေ့တွင် ကျပ် ၁၀၇,၀၀၀၊ ၄ ရက်နေ့တွင် ကျပ် ၁၀၈,၈၀၀၊ ၅ ရက်နေ့တွင် ကျပ် ၁၀၉,၃၀၀၊ ၆ ရက်နေ့တွင် ကျပ် ၁၀၉,၃၀၀ အသီးသီးဖြစ်ခဲ့သည်။

လက်ရှိကာလတွင် ရွှေဈေးနှုန်းနှင့် ငွေကြေးဈေးနှုန်းမတည်ငြိမ်မှုများက မတ်ပဲနှင့် ပဲမျိုးစုံရောင်းဝယ်ရေးနှင့် တင်ပို့မှုအပေါ် သက်ရောက်မှုရှိနေကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးကုန်သည်များထံမှသိရှိရပြီး၊ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင်လည်း ရွေးကောက်ပွဲကာလအပြီး ပဲခွဲစက်များ၏ မတ်ပဲဝယ်လိုအား နည်းပါးလျက်ရှိကာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ယခုနှစ် မတ်ပဲစိုက်ပျိုးထွက်ရှိမှုသည် ယခင်နှစ်ကထက် တန်ချိန် ၀ ဒသမ ၂၇ သန်း လျော့ကျခဲ့ကြောင်း အိန္ဒိယအစိုးရကထုတ်ပြန်ထားပြီး၊ ပဲခွဲစက်များက ဝယ်လိုအားကောင်းနေခဲ့ခြင်း၊ မြန်မာမတ်ပဲ ဆိပ်ကမ်းအရောက် ဈေးနှုန်း တက်လာခြင်း၊ တမီးနာဒူးပြည်နယ်နှင့်အန်ဒရာပရာဒေ့ရှ်ပြည်နယ်များရှိ တောင်သူများက မတ်ပဲလက်ဝယ်ထားရှိပြီး ဈေးအတက်စောင့်ဆိုင်းခြင်းတို့ကြောင့် မေလ ၂၅ မှစတင်ပြီး မတ်ပဲဈေးတက်လာခြင်းဖြစ်ကြောင်း IPGA ကဖော်ပြထားသည်။

IPGA ၏ ခန့်မှန်းချက်အရ နောက် ၄ လတာ ကာလအတွင်း အိန္ဒိယနိုင်ငံသည် မြန်မာမတ်ပဲ တင်ပို့မှုအပေါ် အားထား ရမည်ဖြစ်ပြီး အခြားရွေးချယ်စရာမရှိသည့်အပြင် ပဲခွဲစက်များကလည်း ဈေးနှုန်းအတက်အကျ ဂရုမစိုက်နိုင်ဘဲ မြန်မာမတ်ပဲကို ဝယ်ယူကြိတ်ခွဲကြရမည်ဖြစ်ကြောင်း၊ မြန်မာမတ်ပဲတင်ပို့မှုနှင့်ဈေးနှုန်းတို့သည် အိန္ဒိယနိုင်ငံ၏ မတ်ပဲဈေးကွက်အပေါ် လွှမ်းမိုးနိုင်ကြောင်း သုံးသပ်ထားသည်။

**Source: ရောကုန်သွယ်မြင့်**

## ထိုင်းနိုင်ငံအတွင်းသို့ ဈေးနိမ့်ပါးသောသွင်းကုန်များ ဝင်ရောက်မှုကိုကာကွယ်ရန် Value-Added Tax (VAT) ကောက်ခံမည့် လုပ်ထုံးလုပ်နည်းအသစ်ကို ထိုင်းအစိုးရအဖွဲ့က အတည်ပြုခဲ့

ထိုင်းနိုင်ငံ၏ ပြည်တွင်းဈေးကွက်အတွင်းသို့ အထူးသဖြင့် တရုတ်နိုင်ငံမှ ဈေးနိမ့်ပါးသောကုန်စည်များ ဝင်ရောက်မှုကို ရပ်တန့်နိုင်ရေးအတွက် တင်သွင်းလာသော ကုန်စည်တန်ဖိုးသည် ၁ ဘတ်ကျော်ပါက Value-Added Tax (VAT) ကောက်ခံသွားမည့် မူဝါဒအစီအစဉ်ကို ထိုင်းအစိုးရအဖွဲ့က ခွင့်ပြုခဲ့ပါကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သတ်မှတ်ချက်အသစ်သည် တော်ဝင်အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် ၁၅ ရက်အတွင်း စတင်သက်ရောက် မည်ဖြစ်ပြီး ဒီဇင်ဘာလ ၃၁ ရက်နေ့အထိဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် မူဝါဒဆိုင်ရာသက်ရောက်မှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်မှစ၍ ကျင့်သုံးလျက်ရှိသော လက်ရှိ VAT အရ တင်သွင်းကုန်စည်သည် ဘတ် ၁,၅၀၀ ကျော်လွန်မှသာ VAT ပေးဆောင်ရပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် တင်သွင်းသူနှင့်ပြည်တွင်း ထုတ်လုပ်သူများအကြား ထိန်းညှိပေးသည့် အစိုးရ၏ဆောင်ရွက်ချက်တစ်ခုပင်ဖြစ်ကြောင်း၊ အွန်လိုင်းမှ ဈေးနိမ့်ပါးသော ပစ္စည်း များကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ ဝင်ငွေထိခိုက်လာသည်ဟု ပြည်တွင်းလုပ်ငန်းရှင်များ၏ မကျေနပ်ချက်များကြောင့် VAT အသစ်ကို သတ်မှတ်ရခြင်းဖြစ်ကြောင်း၊ ဈေးနိမ့်ပါးသောပစ္စည်းများဝင်ရောက်မှုကို ရေရှည်ကာကွယ်ရန်အတွက် အခွန်ကုဒ် အမျိုးအစားကို ပြင်ဆင်သွားမည်ဖြစ်ကြောင်း အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ Mr. Chai Wacharonke က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ ဈေးနှုန်းနိမ့်ပါးသောပစ္စည်းများ ထိုင်းနိုင်ငံအတွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာမှုကြောင့် ထိုင်းပြည်တွင်းထုတ်လုပ်သူများ၏ ဝင်ငွေအပေါ် ထိခိုက်မှုရှိလာသဖြင့် ထိုင်းနိုင်ငံအစိုးရ၏ တင်သွင်းကုန်စည်အပေါ် VAT ကောက်ခံမည့် အနိမ့်ဆုံးပစ္စည်းတန်ဖိုး သတ်မှတ်ချက်အသစ်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်သည်။

**Source: [www.bangkokpost.com](www.bangkokpost.com)**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/Npt-0070620241003

## လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၈၆၀ ကျော်ရရှိ

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ဧပြီလ (၁) ရက်မှ မေလ (၂၄) ရက်အထိ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၈၆၂ ဒသမ ၂၇၉ သန်းကျော်ရရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့ရောင်းချမှုအနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာ ၈၆၂ ဒသမ ၂၇၉ သန်းရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ကို အဓိကစိုက်ပျိုးကာ တစ်နိုင်ငံလုံး၏ စိုက်ပျိုးထုတ်လုပ်မှုတွင် ပဲအမျိုးမျိုးစိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်ပြီး တစ်နိုင်ငံလုံး၏ လယ်ယာထွက်ကုန်ပစ္စည်းထွက်ရှိမှုအနက် ပဲမျိုးစုံထွက်ရှိမှုမှာ ၃၃ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံစိုက်ပျိုးမြေဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့်တွင် ပဲမျိုးစုံစိုက်ပျိုးနေပြီး မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွမ်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယဉ်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့်အခြားပဲများလည်း စိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့လယ်ယာထွက်ကုန်ပစ္စည်းများအပြင် သစ်တောထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်ပစ္စည်းများ တင်ပို့လျက်ရှိပြီး ပြည်ပပို့ကုန် စုစုပေါင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၉ ဘီလီယံကျော်ရရှိကြောင်းနှင့် ပြည်ပမှရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကို ပြန်လည်တင်သွင်းကြောင်း သိရသည်။

ယခုအခါတွင်ပစ္စည်းချင်း အပြန်အလှန်ဖလှယ်သည့် ကုန်သွယ်မှုစနစ် (Barter Transaction Arrangement– BTA) ဖြင့် ဆောင်ရွက်သွားမည့်လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာနကထုတ်ပြန်ပြီးဖြစ်သည်။

**Source:** https://www.popularmyanmar.com/?p=161350

## နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF) သည် ၂၀၂၄ ခုနှစ်အတွက် တရုတ်နိုင်ငံ၏ GDP တိုးတက်မှုခန့်မှန်းချက်ကို (၅)ရာခိုင်နှုန်းအထိမြှင့်တင်ခဲ့

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) သည် ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ GDP တိုးတက်မှု ခန့်မှန်းချက်ကို ၅ ရာခိုင်နှုန်းသို့မြှင့်တင်ခဲ့ကြောင်း IMF ၏ ဒုတိယမန်နေဂျင်းဒါရိုက်တာ Gita Gopinath က ပြောကြားခဲ့ကြောင်း သိရသည်။

IMF အဖွဲ့သည် 2024 Article IV Consultation အတွက် မေလ ၁၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ တရုတ်နိုင်ငံသို့ လာရောက်ခဲ့ပြီးနောက် ပေကျင်း၌ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် Gopinath က ထိုသို့မှတ်ချက်ပြု ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ပထမသုံးလပတ်တွင် ခိုင်မာသော GDP တိုးတက်မှုနှင့် မကြာသေးမီက မူဝါဒပိုင်းဆိုင်ရာ အစီအမံများကြောင့် ထိုသို့ GDP တိုးတက်မှုကို တိုးမြှင့်ခန့်မှန်းထားခြင်းဖြစ်သည်ဟု ၎င်းကသတင်းထောက်များအား ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်အစိုးရသည် အိမ်ခြံမြေကဏ္ဍ၊ ပြည်တွင်းအစိုးရကြွေးမြီများနှင့်အသေးစားဘဏ္ဍာရေး အဖွဲ့အစည်းများနှင့် ပတ်သက်သည့် အားနည်းချက်များကိုဖြေရှင်းရာတွင် အလေးထားဆောင်ရွက်လျက်ရှိကြောင်း သူမကမှတ်ချက်ပြုခဲ့သည်ဟု သိရသည်။

Gopinath ၏ အဆိုအရ လွန်ခဲ့သည့်ဆယ်စုနှစ်အနည်းငယ်အတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် စျေးကွက်ဦးစားပေးသည့် ပြုပြင်ပြောင်းလဲခြင်းများ၊ ကုန်သွယ်မှုဖြေလျှော့ပေးခြင်းနှင့် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်များအတွင်းသို့ ပေါင်းစည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးဖွံ့ဖြိုးမှုအားနည်းသောနိုင်ငံများ၌ Debt restructuring ကိစ္စရပ်များနှင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စီးပွားရေးအသွင်ကူးပြောင်းမှုကို မြှင့်တင်ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံသည် အရေးကြီးပြီး အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း သူမကပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်စဉ်အတွင်း ၎င်း၏အဖွဲ့သည် စီးပွားရေးအလားအလာ၊ အန္တရာယ်များ၊ ပြုပြင်ပြောင်းလဲ တိုးတက်မှုများနှင့် မူဝါဒဆိုင်ရာတုံ့ပြန်မှုများအပေါ် အမြင်ချင်းဖလှယ်ရန်အတွက် အစိုးရအရာရှိများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် အပြုသဘောဆောင်သောဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု IMF က ထုတ်ပြန်ခဲ့ ကြောင်း သိရသည်။

**Source:** https://english.news.cn/20240530/354f8c276ae942cba7ed0a3feb9f476a/c.html

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/Npt-070620241230

## ပဲမျိုးစုံ သွင်းကုန်လိုင်စင်လျှော့ကျထားရန်လိုအပ်ချက်ကို သီရိလင်္ကာအစိုးရဖြေလျှော့

သီရိလင်္ကာနိုင်ငံ၌ ကမ္ဘာ့အခြားနေရာဒေသများထက် အချို့သော ပဲမျိုးများ၏ ဈေးနှုန်းများကို မြင့်မားမှုဖြစ်ပေါ်စေလျက် ရှိသည့် သွင်းကုန်အပေါ် အမျိုးသားရေးထိန်းချုပ်ဆောင်ရွက်မှုအစီအမံများအား အစိုးရအဖွဲ့က ဖြေလျှော့မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

သီရိလင်္ကာသမ္မတရုံး၏ အတွင်းရေးမှူးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူလျက် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးအတွင်းဝန်နှင့် သမ္မတ၏ အကြီးတန်း စီးပွားရေးအကြံပေးတို့က အဖွဲ့ဝင်အဖြစ်ပါဝင်သော ကော်မတီအဖွဲ့မှ ပဲမျိုးစုံအားတင်သွင်းခွင့်ပြုရာတွင် သွင်းကုန်လိုင်စင်လျှော့ကျထားရန် လိုအပ်ချက်များချမှတ်ထားခြင်းကို ဖယ်ရှားပေးရန် ထောက်ခံတင်ပြခဲ့ပြီးနောက် သီရိလင်္ကာ နိုင်ငံအစိုးရသည် ကောက်ပဲသီးနှံများဆိုင်ရာ HS Code လိုင်းပေါင်း ၁၂၆ ခုအနက်မှ ၅၃ ခုအတွက် သွင်းကုန်လိုင်စင် လိုအပ်ချက်ကို ဖယ်ရှားပေးခဲ့သည်။

ထိုသို့ သွင်းကုန်လိုင်စင်လျှော့ကျထားရန် လိုအပ်ခြင်းမရှိတော့သည့် ကုန်စည်များတွင် Ulundu ခေါ် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလွန်းဖြူ၊ Kurakkan ခေါ် ဆပ်နီ၊ မြေပဲနှင့်ပဲပုပ်အမှုန့်တို့ပါဝင်ကြောင်း၊ အဆိုပါ ကုန်စည်များတင်သွင်းရာတွင် လိုင်စင် ခွင့်ပြုချက်ရရှိရန်လိုအပ်ခြင်းက တရားမဝင်တင်သွင်းရောင်းချသည့် မှောင်ခိုဈေးကွက်ဖြစ်ပေါ်စေခဲ့ကြောင်း၊ ယခုကဲ့သို့ သွင်းကုန် ဆိုင်ရာ ကန့်သတ်ချက်များအား ဖြေလျှော့ပေးခြင်းသည် ၎င်းမှောင်ခိုဈေးကွက်ကို ပပျောက်စေရန်နှင့် တရားမဝင် လုပ်ကိုင်မှုများကို ရှင်းလင်းဖယ်ရှားရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းဖြင့် အစိုးရအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ Mr. Bandula Gunawardana က ပြောကြားခဲ့သည်။

သီရိလင်္ကာရှိ တမီလ်လွှတ်တော်အမတ်များသည် ၎င်းတို့လူမျိုးစုများ၏ နေ့စဉ်အစားအစာတွင် အရေးပါသော ကုန်စည် တစ်မျိုးဖြစ်သည့် မတ်ပဲအပေါ် အခွန်နှုန်းများသတ်မှတ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

ပြည်တွင်း၌ ငွေကြေးတန်ဖိုး ကျဆင်းပြိုလဲမှုနှင့်အတူ ဈေးနှုန်းများမြင့်တက်ဖောင်းပွမှုဖြစ်ပေါ်ခဲ့အပြီးတွင် အချို့သော ပြည်သူများအနေဖြင့် ချွေတာရေးနည်းလမ်းအဖြစ် တစ်နပ်စာလျှော့၍စားသုံးနေရပြီး ဆင်းရဲနွမ်းပါးမှုသည် တစ်ဟုန်ထိုး မြင့်တက်လျက်ရှိသည်ဟု ဆန်းစစ်ချက်များက ဖော်ပြနေသော်လည်း သွင်းကုန်လိုင်စင်ဆိုင်ရာ ကန့်သတ်ချက်များမှာ ဆက်လက်ထိန်းသိမ်းထားရှိခဲ့ကြောင်း သီရိလင်္ကာ Economy Next သတင်းဌာနက ဖော်ပြထားသည်။

Source: Economy Next, 4 Jun 2024 **(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/20940

## ဖိလစ်ပိုင်နိုင်ငံ၌ ဆန်တင်သွင်းမှုအပေါ် အခွန်နှုန်းထားလျှော့ချရန် အာဏာပိုင်အဖွဲ့အတည်ပြု

ဖိလစ်ပိုင်နိုင်ငံတွင် ဆန်တင်သွင်းမှုအပေါ် အကောက်ခွန်စည်းကြပ်မှုအား ၃၅ ရာခိုင်နှုန်း သတ်မှတ်ထားရာမှ ၁၅ ရာခိုင်နှုန်း သို့ လျှော့ချခြင်းနှင့်အတူ အစိုးရ၏ ထပ်ဆောင်းထောက်ပံ့မှုက ဝင်ငွေနည်းပါးသူများအတွက် ဆန် ၁ ကီလိုဂရမ်လျှင် ၂၉ ပီဆို နှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေလိမ့်မည်ဟု အမျိုးသားစီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအာဏာပိုင်အဖွဲ့ (National Economic and Development Authority – NEDA) မှ အတွင်းရေးမှူး Arsenio M. Balisacan က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝင်ငွေနိမ့်ကျသူများအတွက် ဆန် ၁ ကီလိုဂရမ်လျှင် ၂၉ ပီဆိုနှုန်းသို့ လျှော့ချနိုင်ရေး ရည်မှန်းထားကြောင်း၊ သို့ဖြစ်ရာ မိမိတို့အနေဖြင့် ဝင်ငွေနည်းပါးသူများသို့ အထောက်အပံ့များ တိုက်ရိုက်ပေးအပ်ခြင်းနှင့်အတူ အကောက်ခွန်နှုန်းထားလျှော့ချခြင်းကို အကောင်အထည်ဖော်လျက် အဆိုပါဆန်ဈေးနှုန်းသို့ ရောက်ရှိအောင်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ဆန်တင်သွင်းမှုအပေါ် အခွန်နှုန်းကို လက်ရှိ ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချပေးမည်ဖြစ်ရာ လူတိုင်းသည် အကျိုးခံစားခွင့် ရရှိလိမ့်မည်ဖြစ်ကြောင်း၊ အလေအလွင့်ဖြစ်ပေါ်ခြင်း မရှိစေရန်အတွက် Pantawid Pamilyang Pilipino ခေါ် အစိုးရ၏ ထောက်ပံ့ရေးအစီအစဉ်မှတစ်ဆင့် ငွေသားဖြင့် တိုက်ရိုက်ထောက်ပံ့မှုကို လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဆန်ဈေးနှုန်းများမှာ မြင့်တက်လျက်ရှိရာ ဆန်တင်သွင်းမှုအပေါ် အခွန်နှုန်းထားလျှော့ချမှုသည် သက်ရောက်မှု ကြီးမား နိုင်မည်မဟုတ်သော်လည်း ပြည်တွင်း၌ ဈေးနှုန်းများမြင့်တက်သည့်ဖိအားများကို အတိုင်းအတာတစ်ရပ်အထိ သက်သာမှု ရရှိစေမည်ဖြစ်ကြောင်းဖြင့် ဇွန်လ ၄ ရက် အင်္ဂါနေ့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် NEDA ၏ အတွင်းရေးမှူး Mr. Balisacan က ပြောဆိုခဲ့ခြင်းဖြစ်သည်။

သမ္မတ Ferdinand Marcos Jr. က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော အဆိုပါ NEDA အာဏာပိုင်အဖွဲ့သည် ၂၀၂၄-၂၀၂၈ ကာလအတွက် ဘက်စုံအကောက်ခွန်နှုန်းထား အစီအစဉ်အသစ်ကိုအတည်ပြုခဲ့ရာ ဆန်တင်သွင်းမှုအပေါ် အကောက်ခွန်နှုန်း ၁၅ ရာခိုင်နှုန်းစည်းကြပ်မှုသည် ၂၀၂၈ ခုနှစ်အထိ သက်ရောက်မှုရှိမည်ဖြစ်သည်။ စွမ်းအင်ဖူလုံမှု တိုးတက် ကောင်းမွန်စေရန်နှင့် သွင်းအားစုကုန်ကျစရိတ်များကို လျှော့ချနိုင်ရန်အတွက် အချို့သော ဓာတုပစ္စည်းများနှင့် ကျောက်မီးသွေး လောင်စာတောင့်များတင်သွင်းမှုအပေါ် အခွန်နှုန်းထားများကိုလည်း NEDA အာဏာပိုင်အဖွဲ့က လျှော့ချခဲ့သည်။

ထိုကဲ့သို့ ဆန်တင်သွင်းမှုအပေါ် စည်းကြပ်သော အခွန်နှုန်းထားလျှော့ချမှုကြောင့် ဘဏ္ဍာငွေရရှိမှုတွင် ကြီးမားသည့် သက်ရောက်မှုမရှိကြောင်း၊ ကျန်ရှိသော အခွန်ဝင်ငွေသည် ကောင်းစွာလုံလောက်မှုရှိကြောင်း Mr. Balisacan က ပြောကြား ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ဥပဒေအရ ဆန်စပါးလုပ်ငန်းယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေး ရန်ပုံငွေကို ၂၀၁၈ ခုနှစ်၌ စတင်ထူထောင်ခဲ့ပြီး နှစ်စဉ် တောင်သူလယ်သမားများသို့ ပီဆိုငွေ ၁၀ ဘီလီယံထောက်ပံ့မှုကိုဆောင်ရွက်ခဲ့ရာ နောင်လာမည့် ၆ နှစ်ကာလအထိ ပေးအပ်ရန်ရှိကြောင်း၊ အဆိုပါ ရန်ပုံငွေအတွက် လိုအပ်သောဘတ်ဂျက်ပမာဏကို ဆန်တင်သွင်းမှုအပေါ် အခွန်ကောက်ခံရရှိမှုမှ ခွဲဝေချထားခြင်းဖြစ်ကြောင်း သိရသည်။

Source: Manila Bulletin, 4 Jun 2024 **(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/20942

## STOCK EXCHANGE (7.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 59,309 (Shares) | 180,049,825 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +0 | +0.00% | 9,200 | 9,200 | 9,200 | 413 | 3,799,600 | 33,109,694 | 304,609 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,200 | 3,250 | 3,200 | 750 | 2,412,500 | 38,929,150 | 126,520 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,300 | 8,400 | 8,300 | 205 | 1,712,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 727 | 1,272,250 | 29,664,613 | 51,913 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,750 | 2,800 | 2,750 | 265 | 741,250 | 12,823,224 | 35,905 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 647 | 1,169,600 | 19,977,223 | 36,958 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 764 | 3,667,200 | 10,497,598 | 50,389 |
| MAEX | 00008 | 3,050 | +50 | +1.67% | 3,050 | 3,100 | 3,050 | 557 | 1,706,950 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 7th Jun. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 406.25 | +1.52 | +0.38% | 403.80 | 406.25 | 403.80 | 4,328 | 16,481,350 | 8 | 766,267 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 7th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 59,309 (Shares) | 180,049,825 (MMK) |

### Main Board

As of 1:00 pm, 7th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 59,309 (Shares) | 180,049,825 (MMK) |

| MYANPIX | 406.25 ▲ 1.52 |
|---|---|
| Total Volume (shares) | 4,328 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 766,267 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 0 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 3,050 | ▲ 50 |

TIR